တစ်ပြိုင်တည်းဖြစ်သော လေ့လာသင်ယူမှု အတွက် လိုအပ်မှုများကို ဖယ်ရှား ပစ်ရန် ကျောင်းသားများအားလုံးအတွက် လူကိုယ်တိုင်ဖြင့် သင်ကြားပို့ချမှုအား လာမည့် သြဂုတ်လ၊ 2021 ခုနှစ် မှစတင်မည်ဖြစ်ပါသည်၊ သို့သော်လည်း ခရိုင်မှ မိသားစုများအား လူကိုယ်တိုင်ဖြင့် လေ့လာသင်ယူမှုအား ငြင်းပယ်ပြီး အွန်လိုင်း နည်းပညာဖြင့် လေ့လာသင်ယူမှု ရွေးချယ်များတွင် ပါဝင်သည့် ရွေးချယ်ခွင့်ကို ပေးမည်ဖြစ်ပါသည်။
အွန်လိုင်း နည်းပညာဖြင့် လေ့လာသင်ယူမှု ရွေးချယ်များသည် ကျောင်းသားများအား FLEX Academy ၊ Georgia အွန်လိုင်းနည်းပညာဆိုင်ရာ ကျောင်းမှ အွန်လိုင်း နည်းပညာဆိုင်ရာဖြင့် ဆရာ၊မများ တို့မှတဆင့်၊ သို့မဟုတ် ခရိုင်ကျောင်းမှတဆင့် ခန့်အပ်ထားသည့် အွန်လိုင်း နည်းပညာဆိုင်ရာဖြင့် ဆရာ၊မများ တို့မှတဆင့် လေ့လာသင်ယူခွင့် ရရှိမည်ဖြစ်ပါသည်။
*မိဘများအနေဖြင့် ကလေး **<u>တစ်ဦးစီ</u>** အတွက် ဆုံးဖြတ်ချက်မချမီ အောက်ပါ အချက်များကို ထည့်သွင်းစဉ်းစားသင့်သည် -*

- *အကယ်၍ လူကိုယ်တိုင်ဖြင့် လေ့လာသင်ယူမှုအား ငြင်းပယ်ပြီး အွန်လိုင်း နည်းပညာ ဖြင့် လေ့လာသင်ယူမှုကို သင့်ကလေးအတွက် သင် ရွေးချယ်ခဲ့ပါက ဝန်ထမ်းရေးရာနှင့် အချိန်ဇယားရေးရာများကြောင့် ရွေးချယ်မှုမှာ ပညာသင်နှစ်၏နှစ်ဝက်စာ သင်ကာလ-ကြာရှည် ဆောင်ရွက်မှုဖြစ်သည်။ သင့်ကလေးအတွက် စာသင်နှစ်၏ဒုတိယနှစ်ဝက်ကာလအတွက် လူကိုယ်တိုင်ဖြင့် လေ့လာသင်ယူမှု ရွေးချယ်မှု သို့ ပြောင်းလဲရန် နိုဝင်ဘာလ 2021 ခုနှစ်တွင် ပြုလုပ်ခွင့် ရှိပါမည်။*
- *အွန်လိုင်း နည်းပညာဖြင့် လေ့လာသင်ယူမှုသည် ကျောင်းသားတိုင်းအတွက် အကောင်းဆုံး မဟုတ်ပါ။ အချို့သော ကျောင်းသားများသည် အွန်လိုင်း နည်းပညာဖြင့် လေ့လာသင်ယူမှု ပတ်ဝန်းကျင်ထဲတွင် ပညာရေးပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာ သို့မဟုတ် စိတ်ခံစားမှုဆိုင်ရာ ကောင်းမွန်စွာအလိုက်သင့်ပြုမှုခြင်း မပြုလုပ်နိုင်ပါ။ မိဘများအနေဖြင့် 2021-2022 ခုနှစ် ကျောင်းစာသင်နှစ်အတွက် ဆုံးဖြတ်ချက်မချမီ အွန်လိုင်း နည်းပညာဖြင့် လေ့လာသင်ယူမှု ပတ်ဝန်းကျင်ထဲတွင် မိမိတို့၏ကလေး မည်ကဲ့သို့ ချိတ်ဆက်ပါဝင်သည်နှင့် စွမ်းဆောင်နိုင်သည်ကို ထည့်သွင်းစဉ်းစားသင့်ပါသည်။*
- *အလယ်တန်းနှင့် အထက်တန်းကျောင်းသားများသည် FLEX Academy ၊ Georgia အွန်လိုင်းနည်းပညာဆိုင်ရာ ကျောင်းမှ အွန်လိုင်း နည်းပညာဆိုင်ရာ သင်ရိုးမှတဆင့်၊ သို့မဟုတ် ခရိုင်ကျောင်းမှတဆင့် သို့မဟုတ် မိမိတို့၏ ဒေသခံ ကျောင်းများ၌ ခန့်အပ်ထားသည့် FLEX Academy ဆရာ၊မများ တို့မှတဆင့် တက်ရောက်နိုင်ပါသည်။ မှတ်ချက် - ကျောင်းသားများသည် အခြားကျောင်းများမှ ဆရာ၊မတို့က သင်ကြားမှုပြုလုပ်နိုင်သည်။*
- *မူလတန်းကျောင်း ကျောင်းသားများသည် ခရိုင်ကျောင်းတစ်ဝန်းလုံးနှင့် မိမိတို့၏ ကျောင်းများ၌ ခန့်အပ်ထားသည့် ဆရာ၊မများတို့မှ ကမ်းလှမ်းသင်ကြားပေးသော ကျောင်း-အခြေပြု အွန်လိုင်းနည်းပညာဆိုင်ရာ လေ့လာသင်ကြားမှု သင်ရိုးများထဲတွင် တက်ရောက်ပါဝင်နိုင်ပါသည်။*
- *အွန်လိုင်းနည်းပညာဆိုင်ရာဖြင့် ကမ်းလှမ်းသင်ကြားပေးသော သင်ရိုးများသည် ကျောင်း၌ လူကိုယ်တိုင် တက်ရောက်သည့် ကျောင်းသားများအတွက် ရရှိနိုင်မှုများထက် အကန့်အသတ် ပိုရှိနိုင်သည်။ ဥပမာအားဖြင့်၊ International Baccalaureate ၊ Montessori ၊ Dual Language Immersion ၊ သိပ္ပံဆိုင်ရာ ကိရိယာများနှင့် နည်းစနစ်များ (STT)၊ အဆင့်မြင့်သော လေ့လာမှု၊ အဆင့်မြင့်သော နေရာချထားမှုများ အချို့၊ ကျွမ်း ဘာသာစကား သင်တန်းများ အချို့ နှင့် စွမ်းဆောင်ရည်-အခြေပြု သင်တန်းများအချို့ တို့ကို အွန်လိုင်း နည်းပညာဖြင့် ကမ်းလှမ်းသင်ကြားခြင်း မပြုလုပ်ပါ။*
- *မိသားစုတစ်စုသည် အွန်လိုင်း နည်းပညာဆိုင်ရာဖြင့် လေ့လာသင်ယူမှုကို ရွေးချယ်ခဲ့ လျှင် ကျောင်းသားများသည် တစ်ပြိုင်တည်းဖြစ်သော (ဆရာမှ သင်ကြားပို့ချမှုကို တိုက်ရိုက်ထုတ်လွှင့်ခြင်း) နှင့် တစ်ပြိုင်တည်းဖြင့်မဟုတ်သော (ဆရာမှ သင်ကြားပို့ချ၍ သည့် အချိန်အတွင်း၌ မဟုတ်သော) လေ့လာသင်ယူမှုများထဲတွင် အပြည့်အဝ တက်ရောက်ပါဝင်ရပါမည်။ နေ့စဉ် တက်ရောက်မှုကို ကြည့်ရှုစစ်ဆေးမည်ဖြစ်ပါသည်။*

*အဆိုပါ အချက်အလက်များကို မိသားစုများသို့ လာမည့် **<u>ဇွန်လ 25 ရက်၊ 2021 ခုနှစ်</u>** တွင် Infinite Campus မှတဆင့် နှင့် ကျောင်း မက်ဆင်ဂျာ (School Messenger) အသိပေးချက် မှတဆင့် ပေးပို့ပေးမည် ဖြစ်ပါသည်။ **မိမိတို့၏ ကလေးများအတွက် လူကိုယ်တိုင်ဖြင့် လေ့လာသင်ယူမှုအား ငြင်းပယ်ပြီး အွန်လိုင်း နည်းပညာ ဖြင့် လေ့လာသင်ယူမှုကို ရွေးချယ်သော မိသားစုများကသာလျှင် Infinite Campus (မိဘပေါ်တယ်လ်) ထဲတွင် ရရှိနိုင်သော အွန်လိုင်း ကြော်ငြာ ချက်ကို ပြည့်စွက်ရမည်ဖြစ်ပါသည်။ ငြင်းပယ်ခြင်း-ရွေးချယ်မှု ဖောင်ပုံစံကို နောက်ဆုံးထားပေးပို့ရ မည့်နေ့မှာ <u>ဇူလိုင်လ 2 ရက်၊ 2021 ခုနှစ်၊ ည 11:59 နာရီအချိန်ဖြစ်ပါသည်။</u>***

အကယ်၍ Infinite Campus ထဲတွင် သင် မိဘပေါ်တယ်လ် အကောင့် မရှိခဲ့ပါက သို့မဟုတ် အကူအညီလိုအပ်ခဲ့ပါက ဒေသခံကျောင်းသို့ အလုပ်ရက်များ အတွင်း၌ 678-676- ဖြင့် ခေါ်ဆိုနိုင်ပါသည်။

Infinite Campus ထဲတွင် မိဘပေါ်တယ်လ် အကောင့် တစ်ခုဖွင့်ရန် အောက်ပါ လင့်ခ် တွင် နှိပ်ပါ -
<u>https://www.dekalbschoolsga.org/infinite-campus/</u>